Education
Public Schools

## Ride a bicycle safely




## မော်တော်ကားလမ်းများပေါ် ဘေးကင်းရေး ဆိုင်ရာ အချက်အလက်များ။

**ကလေးများ အိမ် မှ ကျောင်း၊ ကျောင်းမှအိမ် ခရီးသွားလာစဉ် ဘေးကင်းရေးသည် သင်၏ တာဝန် ဖြစ်ပါသည်။**

# စက်ဘီးကို ဘေးကင်းအောင် ဂရုစိုက် စီးပါ။

ငယ်ရွယ်သော ကလေးတို့သည် စက်ဘီး၊ စကူတာ၊ စကိတ်ဘော့ တို့ကို အကူအညီမလိုဘဲ စီးတတ်ဖို့ တတ်ကျွမ်းမှု လိုနေသေးသည့်အတွက် ဝင်းအတွင်းသာ စီးမှသာ လုံခြုံ စိတ်ချရမည်ဖြစ်သည်။

ကလေးများ အနည်းဆုံး အသက် ၁၀ နှစ် မပြည့်မီ မော်တော်ယာဉ်များ နှင့် အိမ်ဝင်းထဲ ဝင်လာသည့် ကားလမ်းကို ရှောင် ပြီး စီးသင့်သည်။ ကလေးတွေ စက်ဘီးစီး သင်နေစဉ် သူတို့နှင့် အတူ စတ်ဘီးစီး သို့မဟုတ် လမ်းလျှောက်ရင်း စက်ဘီးကို ဘေးကင်းအောင် ဘယ်လိုစီးသင့်ကြောင်း ပြောပြပါ။

၁၀ နှစ် နှင့် ၁၂ နှစ်ကြားအရွယ် ကလေးများ စက်ဘီးစီးရာတွင် ကားအသွားအလာများသည့် လမ်းတွေကို ရှောင်ပြီး စီးသင့်သည်။

၁၆ နှစ်အောက် ကလေးများနှင့် ၄င်းတို့ကို အဖော်လုပ် ကြီးကြပ် စက်ဘီးစီးသောလူကြီးများ ကားလမ်းဘေးရှိ လူသွားပလက်ဖောင်းပေါ် စက်ဘီးမစီးရ ဟု တားမြစ်သည့် စာတမ်းများ မရေးထားပါက စီးသွားနိုင်သည်။

**သင့်ကလေးများကို ဘေးကင်းစွာ စက်ဘီးစီးသူများ ဖြစ်လာအောင် အောက်ပါ စည်းကမ်းများကို အမြဲလိုက်နာအောင်သင်ပါ။**

- စက်ဘီး လမ်းစည်းကမ်းများကို လိုက်နာပါ။ အောက်ပါတို့အပါအဝင်။
  - လူသွားလမ်းပေါ်တွင် လမ်းဘယ်ဖက်ကပ် စီးပါ။
  - လူသွားလမ်းပေါ်တွင် လမ်းလျှောက်သူတွေကို ဦးစားပေးပါ။
  - အိမ်ဝင်းများသို့ ဝင်၊ ထွက်သည့် ကားများကို နိုးနိုးကြားကြား သတိထားပါ။
- တိတိကျကျ တပ်ဆင်ထားသည့် စက်ဘီးစီး ခမောက်ကို ဆောင်းပါ။ မဆောင်းပါက အပြစ်ရှိမည်။
- လမ်းကို အသုံးပြုကြသည့် အခြားသူများ မိမိအား မြင်နိုင်အောင် အရောင်တောက်သော ကိုယ်ကျပ် အင်္ကျီ စသည့် အဝတ်အစား ဝတ်ပါ။

**ကူညီထောက်ပံ့မှု လိုသေးလျှင်။**

ဌာန၏ လမ်းပန်းငေ ဘေးကင်းရန် ပညာပေး အစီအစဉ်ကို ရှုပါ။
https://education.nsw.gov.au/road-safety-education သို့မဟုတ် ရှုပြီး
https://education.nsw.gov.au လမ်းပေါ်ဘေးကင်းရေးဆိုင်ရာ ပညာ ကို ရှာပါ။

**အသက်ပိုကြီးလာသော ကလေးများ ကြီးကြပ်သူမပါဘဲ စက်ဘီးစီးသွားနိုင်ပြီလား ဟုဆုံးဖြတ်ရန်အတွက် အောက်ပါတို့ကို သေသေချာချာ ထည့်သွင်းစဉ်းစားပါ။**

- သွားမည့်ခရီးလမ်းတွင် ဘေးရန်ရှိသလား။
- သူတို့ ဘယ်လောက် ကျွမ်းကျွမ်းကျင်ကျင် စက်ဘီးကို စီးတတ်ပြီလဲ။
- ရှုပ်ရှက်ခတ်နေသည့် လမ်းမကြီးပေါ်တွင် ကလေးတို့သည် သူတို့၏ ပတ်ဝန်းကျင်ကို ဘယ်လောက်သတိပြုမိသလဲ။
- မမျှော်လင့်ဘဲ တွေ့ရှိနိုင်သည့် ဘေးရန်တွေကို သူတို့ ဘယ်လောက် ကိုင်တွယ်နိုင်မှာလဲ။

သင်တို့၏ကျောင်းသည် ကျောင်းသားများ ကျောင်းဝင်းအတွင်းသို့ စက်ဘီးများသွင်းလာရေးနှင့် ပတ်သက်လို့ စည်းမျဉ်းများ ရှိမည်ဖြစ်ပါသည်။ ထိုစည်းမျဉ်းများကို သင့်ကလေးများ အမြဲလိုက်နာရန် သွန်သင်ပါ။

